# မြန်မာဘာသာစကားတွင်ဘာသာစကားအသုံးနှင့်
# အနက်အဓိပ္ပာယ်ဆက်သွယ်မှု

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မမြင့်မြင့်စန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "မြန်မာဘာသာစကားတွင် ဘာသာစကားအသုံးနှင့် အနက်အဓိပ္ပာယ်ဆက်သွယ်မှု"ကို ဖော်ထုတ်ထားသည့် ကျမ်းဖြစ်ပါသည်။ မြန်မာဘာသာစကားတွင် လက်တွေ့အသုံးချပြောဆိုနေသော ဘာသာစကားနှင့် အသုံးချအနက်အဓိပ္ပာယ်၏ဆက်သွယ်မှုကို စိစစ်ဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဤကျမ်းကို ရေးသားရခြင်း ဖြစ်ပါသည်။ နေ့စဉ်ပြောဆိုသုံးစွဲနေသော ဘာသာစကားအသုံးများကို အခြေအနေ အမျိုးမျိုးတွင် အနက်အဓိပ္ပာယ်အမျိုးမျိုး ပြောင်းလဲသွားသည်တို့ကို တင်ပြထားခြင်း ဖြစ်ပါသည်။ ဤသုတေသနကျမ်းတွင် အလေ့လာခံဘာသာစကားများအဖြစ် လူမှုဝန်းကျင်ရှိ လူကြီး၊ လူငယ် အားလုံး၏ နေ့စဉ်ပြောဆိုသုံးနှုန်းသော စကားများ၊ ကြော်ငြာများနှင့် စာပေ၊ ကဗျာ၊ လင်္ကာ၊ ပြဇာတ် ဝတ္ထုတို့မှ အပြောစကားများကို ရွေးချယ်တင်ပြထားပါသည်။ ထိုဘာသာစကားများကို လေ့လာရာတွင် ဘာသာဗေဒ၊ အတ္ထဗေဒ၊ လူမှုဘာသာဗေဒ သဘောတရားရှုထောင့်များကို အခြေခံ၍ လေ့လာပြ ထားခြင်းဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် လူမှုအဆင့်အတန်း၊ လူမှုနယ်ပယ်ကွာလျှင် စကား အသုံးလည်း ကွာခြားသည်။ အနက်သက်ရောက်မှုလည်း ကွာခြားသည်ကို ဖော်ထုတ်လေ့လာပြထားသောကျမ်း ဖြစ်ပါသည်။ ဤကျမ်းသည် ဘာသာစကားအသုံးပြုသည့်နယ်ပယ်ဖြစ်သော မြန်မာစကား၊ မြန်မာစာပေအတွက် အထောက်အကူပြုသည့် ကျမ်းတစ်စောင်ဖြစ်ပါသည်။